Message Two

## ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုအစား အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်ကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၁း၁၁၊ ၁၆-၁၇က။ ဖိ၁း၂၀-၂၁။ ကော၁း၁၅၊ ၁၈၊ ၂၇။ ၃း၄၊ ၁၀-၁၁

**I. သမ္မာကျမ်းစာ၏ အလယ်ဗဟို စဉ်းစားချက်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား လူသစ်တစ်ဦးတည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်အတွက် ခရစ်တော်ကို အသက်ရှင်စေရန် အလိုတော်ရှိခြင်းဖြစ်သည် - ဖိ၁း၂၁။ ဧ၂း၁၅-၁၆။**

A. ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် စိမ့်ဝင်ခံရခြင်း၊ ပျော်ဝင်ပြည့်ဝခြင်း၊ ဖြည့်ခြင်းနှင့် ဝတ်ဆင်ခြင်း ရှိလာရန်ဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်နိုင်ရန်ဖြစ်သည် - ၃း၁၇က။ ဂလ၂း၂၀။ ၃း၂၇။ ၄း၁၉။

B. ခရစ်ယာန်အသက်တာသည် ခရစ်တော်၏ယုံကြည်သူများက ခရစ်တော်ကို အသက်ရှင်ကာ ကိုယ်တော်ကို ကြီးမားထင်ရှားစေသည့် အသက်တာဖြစ်သည် - ဖိ၁း၂၀-၂၁က။

C. ခရစ်တော်ကို အသက်ရှင်ခြင်းမှာ ပုဂ္ဂိုလ်ဖြစ်သည့် ခရစ်တော်ကိုယ်တော်တိုင်ကို အသက်ရှင်ခြင်း ဖြစ်သည် - ကော၁း၂၇။ ရော၈း၁၀။

1. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်လိုလျှင် ကိုယ်တော်ကို ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်အဖြစ် ယူဆောင်ကာ၊ ကိုယ်တော်နှင့် ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ရမည်ဖြစ်သည်။ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် လက်တွေ့ကျသောနည်းလမ်း၌ တစ်လုံးတစ်ဝတည်းဖြစ်ရမည်ဖြစ်သည် - ၁ကော၆း၁၇။

2. ခရစ်တော်သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ မည်သို့အစားထိုးခြင်းရှိကြောင်း အလင်းထွန်းလင်းခံရမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရှင်ရမည့်အစား အခြားမျိုးစုံသောအရာများကို အသက်ရှင်ခြင်း၊ ခရစ်တော်အားဖြင့် မရှင်ဘဲ၊ ရိုးရာယဉ်ကျေးမှုအားဖြင့် အသက်ရှင်ခဲ့ခြင်းကို သခင်ဘုရားထံသို့ ကျွန်ုပ်တို့ ဝန်ချခြင်းရှိကြလိမ့်မည်ဖြစ်သည် - ၁ယော၁း၇။

D. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်မရှင်ရခြင်း၏ အကြောင်းရင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း မရှိသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့ကို စေ့စပ်ထုံးဖွဲ့ထားသည့်အရာသည် ကျွန်ုပ်တို့အသက်ရှင်သည့်အရာဖြစ်သည် - ကော၃း၄၊ ၁၀-၁၁။ ဧ၃း၁၇က။

**II. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုနှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာရှိ ပြည့်ဝသောဖွင့်ပြခြင်းအရ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို သူ၏ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံရသည့် လူများအထဲသို့ လုပ်ဆောင်ရန်ဖြစ်ကြောင်း မြင်ဖို့လိုအပ်သည် - ဂလ၁း၁၅-၁၆။ ၂း၂၀။ ၄း၁၉။**

A. စကြဝဠာ၌သော်လည်းကောင်း၊ ခေတ်များနှင့် မျိုးဆက်များတစ်လျှောက်လုံး၌လည်းကောင်း ဘုရားသခင်၏ အလယ်ဗဟိုဆိုင်ရာအလုပ်၊ ကိုယ်တော်၏တုနှိုင်းရာမဲ့အလုပ်မှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို သူ၏ရွေးချယ်ခံလူများအထဲသို့ လုပ်ဆောင်ကာ၊ မိမိကိုယ်တော်တိုင် သူတို့နှင့် တစ်လုံးတစ်ဝဖြစ်ရန်ဖြစ်သည် - ဧ၃း၁၇က။ ၁ကော၆း၁၇။

B. ဘုရားသခင်၏ရည်ရွယ်ချက်မှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အကြွင်းမဲ့လုပ်ဆောင်ကာ၊ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ အတွင်းပိုင်း ဒြပ်သဘာဝများဖြစ်စေရန် ဖြစ်သည် - ဧ၃း၁၁၊ ၁၆-၁၉။

C. ဘုရားသခင်၏ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံစေရန် ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ တည်ဆောက်ခြင်း၊ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အသက်၊ ကျွန်ုပ်တို့၏သဘောသဘာဝ၊ ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုအဖြစ် ကျွန်ုပ်တို့အထဲသို့ တည်ဆောက်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို ဦးခေါင်းအရာ၌

မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်စေရန် အလိုတော်ရှိနေသည် - ၂ရှမွေ၊၇း၁၂-၁၄က။ ရော၊၁း၃-၄။ ဧ၊ ၃း၁၇က။ ယော၊၁၄း၂၃။ ကော၊၃း၁၀-၁၁။

1. ကျွန်ုပ်တို့သည် ဘုရားသခင်က ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ပင်ကိုမူလ စေ့စပ်ထုံးဖွဲ့မှုအထဲသို့ တည်ဆောက်စေရန် လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသည် ခရစ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်း ခံရနိုင်မည်ဖြစ်သည် - ဧ၊၃း၁၇က။
2. ခရစ်တော်သည် အသင်းတော်ကို တည်ဆောက်ခြင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်အထဲသို့ ဝင်ရောက်လာပြီး၊ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ ဝိညာဉ်မှ ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒအထဲသို့ ပျံ့နှံ့သွားကာ၊ ကျွန်ုပ်တို့၏စိတ် တစ်ခုလုံးကို ရယူလွှမ်းမိုးခြင်းအားဖြင့် ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၃း၁၇က။

## III. ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုနှင့်ဆန့်ကျင်ဘက်ဖြစ်သည်ဟု ပြောရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုကို စွန့်လွှတ်လိုက်ကာ၊ မည်သည့်ယဉ်ကျေးမှုမျှမရှိတော့ဘဲ အသက်ရှင်ရန် ပြောနေခြင်း မဟုတ်ပါ - ကော၊၃း၁၀-၁၁။

A. ခရစ်တော်ကို မရရှိသောသူတို့သည် အမှန်ပင် ရိုးရာယဉ်ကျေးမှုအတိုင်း အသက်ရှင်ရန် လိုအပ်ပေသည်၊ အကြောင်းမှာ ရိုးရာယဉ်ကျေးမှုသည် လူများကို စောင့်ထိန်းပေးသည်၊ စည်းကြပ်ပေးသည်၊ တိုးတက်မှုရှိစေသည်။

B. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်ကို ရရှိခြင်းမတိုင်မီတွင် အယောက်တိုင်းသည် ယဉ်ကျေးမှုရှိရန် လိုအပ်သည်။

C. ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ခံရရှိပြီးနောက် ယဉ်ကျေးမှုသည် ခရစ်တော်ကို ကန့်သတ်စေရန် သို့မဟုတ် ခရစ်တော်ကို ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှ နှောင့်ယှက်စေရန် အခွင့်မပေးသင့်ပါ။ ထိုအစား ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအတိုင်းမဟုတ်ဘဲ၊ ခရစ်တော်အတိုင်း အသက်ရှင်ရန် စတင် သင်ယူရမည်ဖြစ်သည် - ၂း၆-၇။

D. ကလေးသူငယ်များသည် ကြီးပြင်းလာသည်နှင့်အမျှ သူတို့သည် ယဉ်ကျေးမှုနှင့် တရားဥပဒေကို လိုအပ်သည် - ဂလ၊ ၃း၂၃-၂၈။

1. ကလေးသူငယ်များသည် ခရစ်တော်ကို ရရှိခြင်း မရှိမီ သူတို့သည် ယဉ်ကျေးမှုအတိုင်း တရားဥပဒေအောက်တွင် သွန်သင်ထိန်းကျောင်းခံရမည်ဖြစ်သည် - အငယ်၊၂၃-၂၄။
2. သူတို့သည် ခရစ်တော်ကို လက်ခံရရှိပြီးနောက် တဖြည်းဖြည်းနှင့် သူတို့ကို ယဉ်ကျေးမှုမှ ခရစ်တော်ထံသို့ လှည့်ပြန်လာစေရန် ကျွန်ုပ်တို့ကူညီပေးနိုင်ပါသည် - ယော၊၁း၁၂-၁၃။ ၆း၅၇။

## IV. ကျွန်ုပ်တို့သည် ခရစ်တော်ကို လက်ခံရရှိပြီးဖြစ်သည့်အလျောက် ရိုးရာယဉ်ကျေးမှုအား ကိုယ်တော်ကို အစားထိုးစေခြင်း အခွင့်မပေးသင့်တော့ပါ - ကော၊၂း၆။ ၃း၁၀-၁၁။

A. ယဉ်ကျေးမှုအမျိုးအစားမှန်သမျှသည် ခရစ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်၊ ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုအမျိုးအစားမှန်သမျှနှင့် ဆန့်ကျင်ဘက်ဖြစ်သည် - အငယ်၊၁၁။

1. မည်သည့်ယဉ်ကျေးမှုမဆို၊ မည်သို့သော ယဉ်ကျေးမှုအမျိုးအစားမဆို ခရစ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။
2. ခရစ်တော်မှလွဲ၍ ကျွန်ုပ်တို့၌ ရှိသမျှနှင့် လူသားထုတ်လုပ်မှု၊ တည်ဆောက်ပြုပြင်မှုမှန်သမျှသည် ယဉ်ကျေးမှု၏ အစိတ်အပိုင်း ဖြစ်သည်။

B. ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်မှု၏ ကျယ်ပြန့်မှုကို ကန့်သတ်သည့်အကြောင်းရင်းမှာ ယဉ်ကျေးမှုဖြစ်သည်။ အလိုအလျောက်ပင် ကျွန်ုပ်တို့အတွင်းမှ ယဉ်ကျေးမှုသည် ခရစ်တော်ကို စစ်မှန်စွာ တွေ့ကြုံခံစားခြင်းမှ ကျွန်ုပ်တို့ကို ဝေးကွာစေသည် - ဖိ၊၃း၃-၉။

C. ကျွန်ုပ်တို့၏ရိုးရာယဉ်ကျေးမှုသည် ခရစ်တော်ကို တွေ့ကြုံခံစားခြင်း၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ခရစ်တော်ကို အသက်ရှင်ခြင်းမှ ကျွန်ုပ်တို့ကို တားဆီးသောကြောင့်၊ သခင်ဘုရားပြန်လည်ရယူခြင်းရှိ သန့်ရှင်းသူများအား

လုံးသည် သူတို့၏ရိုးရာယဉ်ကျေးမှုကို အစားထိုးရန် ခရစ်တော်ကို သူတို့၏အသက်နှင့် ပုဂ္ဂိုလ်အဖြစ် ယူဆောင်ခြင်းငှာ လက်တွေ့ကျသော နည်းလမ်းကို သင်ယူကြပါမည့်အကြောင်း ကျွန်ုပ်တို့သည် သခင်ဘုရားအားဖြင့် လေးနက်စွာ ဝန်တာပေးအပ်ခံရသည် - ဧ၊၃း၁၇က။ ကော၊၃း၄။

D. ခရစ်တော်၌ ကျွန်ုပ်တို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ရန် စွမ်းရည်ပမာဏကို ကျယ်ဝန်းစေခြင်းအလို့ငှာ ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို ဘေးဖယ်ထားရန် လွတ်လပ်ခွင့် ရှိကြသည်။ ကျွန်ုပ်တို့အတွင်းရှိ အခန်းအားလုံးသည် ခရစ်တော်ထံသို့ လွှဲပြောင်းပေးအပ်ခြင်း ရှိရမည်ဖြစ်သည်။

E. ကျွန်ုပ်တို့၏အတွင်းပိုင်း စွမ်းရည်ပမာဏရှိသမျှသည် ခရစ်တော်အဖို့ အခွင့်ပေးခြင်းရှိမည်ဆိုလျှင်၊ အလိုအလျောက် အနေဖြင့် ကျွန်ုပ်တို့အတွင်းရှိ ယဉ်ကျေးမှုသည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည့် ခရစ်တော်အားဖြင့် အစားထိုးခြင်းရှိလိမ့်မည်ဖြစ်သည် - ၁း၂၇။ ၃း၁၁။

## V. ကျွန်ုပ်တို့သည် ခရစ်တော်၏ အရာအားလုံးပါဝင်ခြင်းနှင့် ကျယ်ပြန့်မှုရှိခြင်း၏ ရူပါရုံကို မြင်ရန် အရေးကြီးလှပေသည်။ ထိုသို့ ခရစ်တော်၏ ရူပါရုံမရှိဘဲ ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို စွန့်လွှတ်ရန် ကြိုးစားအားထုတ်ခြင်း မပြုသင့်ပါ - တ၊၂၆း၁၉။ ဧ၊၁း၁၇-၁၈။

A. ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည့် သေးငယ်သော၊ ကန့်သတ်ထားသော ခရစ်တော်မဟုတ်ပါ။ ကိုယ်တော်သည် မျက်မြင်မရသောဘုရားသခင်၏ ပုံသဏ္ဌာန်တော်ဖြစ်သော၊ ဘုရားသခင့်ပြည့်ဝပြည့်စုံခြင်း၏ ကိုယ်ထင်ရှားခြင်း၊ ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုဆိုင်ရာအချက်ဖြစ်သော အရှင် ဖြစ်သည် - ကော၊၁း၁၅၊ ၁၈။ ၂း၂၊ ၉-၁၀။

1. ထိုသို့သော ခရစ်တော်သည် ယခု ကျွန်ုပ်တို့၌ ကိန်းဝပ်နေကာ၊ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးသို့ ပျံ့နှံ့သွားရန် အခွင့်အရေးကို စောင့်ဆိုင်းနေသည် - ၁း၂၇။
2. ဤခရစ်တော်သည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ အရာခပ်သိမ်း ဖြစ်သင့်သည်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရှင်သင့်သည်၊ ကျွန်ုပ်တို့၏အသက်တာ၌ ရိုးရာယဉ်ကျေးမှုကို မည်သည့်အခွင့်မျှ မပေးသင့်ပါ - ဖိ၊၁း၂၁။ ကော၊၃း၁၁။

B. ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်၏ ရူပါရုံကို မြင်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့၏ယဉ်ကျေးမှုဆိုင်ရာ နောက်ခံကို စတင်ဘေးဖယ်ထားကာ၊ ၎င်းက ခရစ်တော်ကို အစားထိုးခြင်း၊ ကိုယ်တော်ကို ကန့်သတ်စေခြင်း အခွင့်မပေးသင့်ပါ - တ၊၉း၄-၅။ ၂၆း၁၉။ ဖိ၊၃း၇-၁၀။

1. ကျွန်ုပ်တို့၏အသက်တာတွင် ယဉ်ကျေးမှုကို မည်သည့်အခွင့်မျှ မပေးသင့်ပါ။
2. ထိုအစား ကျွန်ုပ်တို့၏အတွင်းရှိ အခန်းအားလုံးသည် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်ထံ လွှဲပြောင်းပေးအပ်ခြင်း ရှိသင့်ပါသည် - ကော၊၁း၂၇။

C. ကျွန်ုပ်တို့သည် ထိုသို့ ကိန်းဝပ်နေသော၊ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်၏ရူပါရုံကို မြင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ ရိုးရာယဉ်ကျေးမှုကို အလိုအလျောက် စွန့်လွှတ်ကြလိမ့်မည်ဖြစ်သည် - ၃း၁၀-၁၁။

1. အစပိုင်းက၊ ခရစ်တော်သည် ယဉ်ကျေးမှုအားဖြင့် အစားထိုးခံရသည်၊ သို့သော် ကျွန်ုပ်တို့သည် ဤရူပါရုံကို တစ်ကြိမ်မြင်သည်နှင့် ကျွန်ုပ်အတွင်းရှိ ယဉ်ကျေးမှုသည် ခရစ်တော်အားဖြင့် အစားထိုးခံရလိမ့်မည် - အငယ်၊၁၁။
2. ကျွန်ုပ်တို့၏ယဉ်ကျေးမှုကို စွန့်လွှတ်ခြင်းအစား ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်ခြင်းသာ ရှိသင့်ပြီး၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ယဉ်ကျေးမှုကို မိမိကိုယ်တော်တိုင်ဖြင့် အစားထိုးလိမ့်မည်ဖြစ်သည် - ဖိ၊၁း၂၁က။

D. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်သောအခါ ရိုးရာယဉ်ကျေးမှုမှ ကျွန်ုပ်တို့အလိုအလျောက် ကယ်လွှတ်ခံရကာ ကျွန်ုပ်တို့အသက်ရှင်သည့် ခရစ်တော်သည် ရိုးရာယဉ်ကျေးမှုကို အလိုလို အစားထိုးသွားသည်၊ ဤသည်မှာ ကောလောသဲစာစောင်ရှိ ဖွင့်ပြခြင်း ဖြစ်သည် - ၁း၁၅၊ ၁၈၊ ၂၇။ ၂း၂၊ ၉-၁၀။ ၃း၄၊ ၁၀-၁၁။

*© 2020 Living Stream Ministry*